## ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များနှင့်သက်ဆိုင်သော နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်များ

၁။ စားနပ်ရိက္ခာဖူလုံမှုသည် ကမ္ဘာလုံးဆိုင်ရာအဓိကလမ်းကြောင်းတစ်ခုဖြစ်လာသည်။ ကမ္ဘာတစ်ဝှမ်းရှိလူတို့သည် မိမိတို့၏ ကျန်းမာရေး အထူးသဖြင့် ချမ်းသာကြွယ်ဝ သော နိုင်ငံများရှိလူတို့သည် မိမိတို့၏ ကျန်းမာရေးကိုပိုမို ဂရုစိုက် စိုးရိမ်လာကြပါသည်။ ၎င်းကနယ်နိမိတ်ပိုင်းခြားမှုမရှိဘဲ လွတ်လပ်စွာကုန်သွယ်ရေးလောကဖြစ်ပေါ်လာစေပြီး စားသုံးသူများအနေဖြင့် ကမ္ဘာ၏မည်သည့်နေရာမှမဆို တူညီသောကုန်ပစ္စည်းများကို ရယူသုံးစွဲနိုင်ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ယှဉ်ပြိုင်မှုများ ပိုမိုပြင်းထန်ပြီး ရှုပ်ထွေးခက်ခဲနက်နဲလှပါသည်။

၂။ နိုင်ငံများအနေဖြင့် ၎င်းတို့၏ စားသုံးသူများ၏ ကျန်းမာရေးကိုစောင့်ရှောက်ရန်နှင့် ၎င်းတို့၏ပြည်တွင်းထုတ်လုပ်သူများ၏ အကျိုးကို ကာကွယ်ရန် အကောက်ခွန်မဟုတ်သည့် အတားအဆီးများ (သို့မဟုတ်) NTMs များကို စားသုံးသူကာကွယ်မှုဟူသော အကြောင်းပြချက်ဖြင့် ပိုမိုကျယ်ပြန့်စွာအသုံးချလာကြပါသည်။

၃။ သို့ဖြစ်လေရာ စိုက်ပျိုးရေးထွက်ကုန်များနှင့် အစားအစာစံချိန်စံညွှန်းများသည် ကုန်သွယ်ရေး ပြိုင်ဆိုင်မှုနှင့်စားသုံးသူကာကွယ်ရေးတို့တွင် ယခင်ကထက် ပို၍ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့ကြပါသည်။

၄။ ထိုင်းနိုင်ငံတွင် စိုက်ပျိုးရေးထွက်ကုန်နှင့်အစားအစာ စံချိန်စံညွှန်းများဆိုင်ရာဗျူရို Agricultural Commodity and Food Standards (ACFS)ကို ၂၀၀၂ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၎င်းသည် ပြည်တွင်းစားသုံးသူများနှင့် ပြည်ပမှဝယ်ယူသူများအတွက် စိုက်ပျိုးရေးထွက်ကုန်နှင့် အစားအစာစံချိန်စံညွှန်းများနှင့်စည်းမျဉ်းစည်းကမ်းများကို အဓိကထားချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အေဂျင်စီလည်း ဖြစ်ပါသည်။

၅။ စားသုံးသူများ၏ လုံခြုံရေးမှာ၎င်း၏ အဓိကဦးစားပေးလုပ်ငန်းဖြစ်ပါသည်။ အကြောင်းမှာ လယ်ကွင်းထဲမှသည် ထမင်းစားပွဲပေါ်အထိ (Farm to Table)၊ တင်သွင်းမှုမှသည် တင်ပို့ခြင်း လုပ်ငန်းအထိ အဆင့်အားလုံးတွင် တူညီသောစံနှုန်းများကို နိုင်ငံတကာစံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်အောင် ၎င်းတို့၏ စံချိန်စံညွှန်းများကို အမြဲထိန်းသိမ်းထားသောကြောင့် ဖြစ်ပါသည်။

၆။ စိုက်ပျိုးရေးထွက်ကုန်နှင့်အစားအစာစံချိန်စံညွှန်းများကုန်ထုတ်လုပ်မှု၊ကုန်သွယ်မှု၊ တင်ပို့မှု၊တင်သွင်းမှုနှင့်အသိအမှတ်ပြုထောက်ခံချက်လက်မှတ်များအတွက်ရည်ညွှန်းချက် References အဖြစ်အသုံးပြုကြပြီး မဖြစ်မနေမဟုတ်ဘဲ မိမိသဘောဆန္ဒအလျောက်အသုံးပြုကြခြင်းဖြစ်ပါသည်။ အကြောင်းမှာ လူအများအနေဖြင့် အားလုံးနှင့်သဟဇာတဖြစ်မှု Harmonization ၏ အကျိုးကျေးဇူးများကို သိမြင်လာကြပြီး ၎င်းတို့၏ ထုတ်လုပ်မှုစံချိန်စံညွှန်းများကို နိုင်ငံတကာမှလက်ခံစေခြင်းကြပါသည်။

၇။ သို့ရာတွင် စားသုံးသူများ၏ ကျန်းမာရေး (သို့မဟုတ်)ပို့ကုန်ယှဉ်ပြိုင်မှုဆိုင်ရာလိုအပ်ချက်များပေါ်ပေါက်လာပါက မကြာမီ၎င်းတို့အနေဖြင့် မဖြစ်မနေလုပ်ဆောင်လာကြမည်ဖြစ်ပါသည်။ AFCS မှချမှတ်ထားသော မည်သည့် စံချိန်စံညွှန်းမဆို လူသားများ၊ အပင် တိရစ္ဆာန်များ၏ ဘေးကင်းလုံခြုံမှု နှင့်သန့်ရှင်းမှုဆိုင်ရာ အရာများအားလုံး၊ အစားအစာနှင့် အစားအစာမဟုတ်သော စားသုံးသူများအတွက် ထုတ်ကုန်တစ်ခုစီ၏ အရည်အသွေးကောင်းမှုများကို လွှမ်းခြုံလိမ့်မည်ဖြစ်ပါသည်။

၈။ စံသတ်မှတ်ချက်များထဲတွင် ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့် Good Agricultural Practice (သို့မဟုတ်)GAP ၊ အဆိပ်အတောက် အကြွင်းအကျန် စံချိန်စံညွှန်း Toxic Residues standard ၊ တိရစ္ဆာန်ရောဂါဖော်ထုတ်ရန် နည်းလမ်းများ Method for idenfication of Animal disease တို့ပါဝင်ကြပါသည်။

၉။ ACFS အနေဖြင့် ၎င်း၏ စံချိန်စံညွှန်း Standard များကို အမျိုးအစား(၃)မျိုးခွဲခြားထားပါသည်။ ၎င်းတို့တွင် ကုန်ပစ္စည်းစံချိန်စံညွှန်းများ (Commodity Standards)၊ လေ့ကျင့်မှုစနစ် စံချိန်စံညွှန်း ( Practice System Standards)နှင့် အထွေထွေဘေးကင်းလုံခြုံမှုဆိုင်ရာစံချိန်စံညွှန်း (General Safety Standards) တို့ဖြစ်ပါသည်။

၁၀။ ကုန်ပစ္စည်းဆိုင်ရာစံချိန်စံညွှန်းများကို ကုန်ထုတ်လုပ်မှု (Production)၊ ပြည်တွင်းနှင့် နိုင်ငံတကာကုန်သွယ်မှု၊ထုတ်ကုန်ပစ္စည်းများ၏ အာမခံချက်များဆိုင်ရာအမျိုးသားရည်ညွှန်းချက်များ National References အဖြစ်သတ်မှတ်ထားပါသည်။စားသုံးသူများလိုအပ်သော ထုတ်ကုန်များ၏ လုံခြုံမှုနှင့် အရည်အချင်းများကို လွှမ်းခြုံထားပါသည်။ စံပယ်ဆန်၊ ဒူရင်းသီး၊သရက်သီး ၊ ကညွတ်၊ သစ်ခွပန်း၊ အမဲသား၊ဝက်သား စသည့် အခြေခံ စိုက်ပျိုးရေးထွက်ကုန်များ၏ အနိမ့်ဆုံး အရည်အချင်းများကို လွှမ်းခြုံထားပါသည်။

၁၁။ စက်ရုံ အလုပ်ရုံများ အပါအဝင်ထုတ်လုပ်သူများ၏ လုပ်ထုံးလုပ်နည်းများကိုစစ်ဆေးရန် System Standards များကိုသတ်မှတ်ထားပါသည်။ ၎င်းတို့အနက်ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့်Good Agricultural Practice(GAP)၊ ကောင်းမွန်သော ထုတ်လုပ်မှု အလေ့အကျင့် Good Manufacturing Practice(GMP)၊ ကောင်းမွန်သော ကျန်းမာရေး အလေ့အကျင့်Good Hygienic Practice (GHP)တို့ ပါဝင်ကြပါသည်။

၁၂။ အဆိုပါStandards များကို လယ်သမားများ၊ ဖြန့်ဖြူးသူများ၊ စက်ရုံများ အနေဖြင့် Benchmark အဖြစ် အသုံးပြုနိုင်ကြပြီး၊ ၎င်းတို့အနေဖြင့် လုံခြုံစိတ်ချရပြီး စံချိန်စံညွှန်းများအားလုံးနှင့်ကိုက်ညီသော စိုက်ပျိုးရေးထွက်ကုန်များ၊ အစားအစာများကို ရရှိနိုင်ကြမည်ဖြစ်ပါသည်။

၁၃။ အထွေထွေဘေးကင်းလုံခြုံမှုစံချိန်စံညွှန်းများ General Safety Standards များသည် တိရစ္ဆာန်များ၊ အပင်များ၏ ဘေးကင်းလုံခြုံမှုနှင့် သန့်ရှင်းရေးအတွက် အထူးဒီဇိုင်းရေးဆွဲထား

ခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ပိုးသတ်ဆေးအများဆုံးခါတ်ကြွင်းကန့်သတ်ချက် Maximum Residue Limit(MRL)၊ Maximum Limit for contamination standards၊ Standards on sampling and analysis တို့ဖြစ်ကြပါသည်။

၁၄။ ထိုင်းနိုင်ငံ **Agricultural Commodity and Food Standards (ACFS)**မှ ထုတ်ပြန် ထားသော အောက်ဖော်ပြပါ **Agricultural Commodity** (၇၀)မျိုး၏ စံချိန်စံညွှန်းများအား လိုအပ်သကဲ့သို့ ဆောင်ရွက်နိုင်ပါရန်ပူးတွဲပေးပို့တင်ပြအပ်ပါသည်-

1.Longans
2. Pineapples
3. Asparagus
4. Okra
5. Duck Meat
6. Chicken Meat
7. Cephalopods
8. Compost
9. Bananas
10. Quick Frozen Fish Fillets
11. Litchi
12. Longkong
13. Rambutan
14. Pummelo
15. Tomato
16. Mandarins or Tangarines
17. Aromatic Coconut
18. Baby Corn
19. Garlic
20. Shallot
21. Onion
22. Fresh Shiitake Mushroom
23. Fresh Jelly Mushroom
24. Dried Shrimp
25. Raw Goat Milk
26. Mulberry Tea
27. DRIED JELLY MUSHROOM
28. MAIZE
29. ORCHID CUT FLOWER
30. Oil Palm Bunch
31. CHILI SAUCE
32. Soft Shell Mud Crab
33. RAW COW MILK
34. guava
35. Hen egg
36. DRIED CHILLI PEPPERS
37. Java Apple
38. Sweet Corn
39. coconut
40. sapodilla
41. DRIED PEANUT
42. FRESH PANGOLA GRASS
43. GERMINATED BROWN RICE44.
44. PLEUROTUS MUSHROOMS
45. PUMPKIN
46. WATERMELON
47. PANGOLA HAY

48. DUCK EGG
49. SOYBEANS
50. tilapia
51. GINGER
52. SUGAR APPLE
53. SALACCA
54. HONEY
55. MANGOSTEEN
56. DURIAN
57. MARINE SHRIMP
58. TURMERIC
59. SWEET TAMARIND
60. BIRD'S NEST
61. PEANUT KERNEL : MAXIMUM LEVEL OF AFLATOXIN
62. SOYBEAN MEAL
63. ASIAN SEABASS
64. YARD-LONG BEAN
65. NEEDLE MUSHROOM
66. MANGO
67. DRAGON FRUIT
68. MELON
69. CUCUMBER
70. PLA-RA

**ပူးတွဲ soft copy PDF file(၇၀)ခု**

၂၆။ **သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။**

(လွင်မျိုးဇော်)
စီးပွားရေးသံမှူး